## ဗုဒ္ဓကိစ္စငါးပါး

နေ့ကိုကားလူ ညဥ့်မူရှေ့ယာမ် သမဏံတည့်
လယ်ယာမ်ရှေ့နတ် ဖလတ်လျှောင်းနောက်
နောက်ယာမ်ရောက်က မြားမြောက်ဝေနေ
ကြည့်ရှုလေ ပရမေကိစ္စငါး။ ။

## သီလ (၄) မျိုး

၁။ ဟာနဘာဂိယသီလ = ဆုတ်ယုတ်လျော့ပါးသွားမည့်သဘောရှိသော သီလ။
၂။ ဌိတိဘာဂိယသီလ = တည်ရုံသာတည်ပြီး ရှေ့သို့မတိုးတက်မည့် သီလ။
၃။ ဝိသေသဘာဂိယသီလ = သီလကို အခြေခံ၍ သမာဓိဘာဝနာကို ပွားများသော သီလ။
၄။ နိဗ္ဗေဓဘာဂိယသီလ = သီလကို အခြေခံ၍ ဝိပဿနာဘာဝနာကို ပွားများသော သီလ။

# ခန္ဓာငါးပါး

ရူပက္ခန္ဓာ ဝေဒနာနှင့် သညာသင်္ခါရ ဝိညာဏဟု အစုငါးတန် ငါးရပ်ခန်တည်း။

ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏။

ခံစား-စံစား  စကားနှစ်ထွေ  တရားနေမှာ  ဝေဒနာဓာတ်  ခန္ဓာမှတ်လော့။

သုံးရပ်ဝေခွဲ ဆင်းရဲဒုက္ခ သုခချမ်းသာ ဥပေက္ခာမူ လျစ်လျူခံစား မထင်ရှားတည့်။

ငါးပါးအလို တစ်ဖုံဆိုသော် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာဆင်းရဲ လျစ်လျူခွဲလော့။

တစ်နဲ့ထို့ပြင် အမြင်-အကြား အနံ့အားဖြင့် စားလျှက်-တွေ့ထိ ကြံသိခြောက်ဖြာ

ချမ်းသာဆင်းရဲ လျစ်လျူခွဲငြား ဆယ့်ရှစ်ပါးရှင့်။

သုံးပါးကာလ ပွားထတုံသေး ငါးဆယ့်လေးတည့်၊

တရေးသန္တာန် နှစ်ပွားပြန်က တစ်ရာရှစ်ပင် အကျယ်မြင်လော့။

ထိုပြင်သညာ ခန္ဓာမှာကား လိမ္မာတတ်သိ ခေါ်ကြဘိရှင့်။

လူ၏ဘောင်မှာ လူတကာနဲ့ လိမ္မာမြဲမူ မှတ်စွဲဖြာဖြာ

ဤသညာပင် နတ်မှာနတ်လျောက် လိမ္မာမြောက်၏။

အောက်အပါယ်သား ကျွဲ-နွား-မြင်း-ဆင် မြင်မြင်သမျှ

အနန္တလည်း ဘာဝဘာဝ သိတတ်ကြ၏။

လောကအလုံး မျှော်မဆုံးအောင် အသုံးတွင်စွာ

အလိမ္မာဟု အချာအချုပ် ခေါ်သမုတ်၏။

မုဆိုးတံငါ သူ့အရာ၌ လိမ္မာကျွမ်းကျင် သညာပင်တည်း၊

သို့စဉ်နည်းပြ သိကုန်ကြလော့။

ရူပသညာ စသည်ဖြာသား သညာအပြား အကျဉ်းအားဖြင့်

ခြောက်ပါးလာရှိ ပွားပြန်ဘိမူ မြေသိရေသိ နေ-လသိက

စရှိသွယ်သွယ် မဆုံးဖွယ်သည် အကျယ်သညာက္ခန္ဓာတည်း။

✧ ✧ ✧ ✧ ✧

## “ဝေဒနာ” နှင့် “သညာ” တို့၏ အစွမ်း

ဝဋ္ဋမူလမွေသု အသာတံ၊ တဒဿာဒေါ ပသေစန်။
ဝိနိဗ္ဗုဇ္ဈ နိဒဿေတုံ၊ ခန္ဓဒွယ မုဒါဟဋံ။

(လက်သန်းအဋ္ဌကထာ)

- တေဘူမ ဝဋ်တရားထဲမှာ သာယာဖွယ်အကောင်းဆုံးဟု ထင်ရမှုသည် ဝေဒနာ။
- ဝေဒနာသည် သာယာဖွယ်ကောင်းတယ်ဟု ထင်ရလောက်အောင် “သညာ”ကသွန်းလောင်းမြှောက်ပင့်ပေး၏။
- သညာ ဝေဒနာ နှစ်ပါးတို့သည် သတ္တဝါများကို ချယ်လှယ်နေကြ၏။
- ထို သညာ ဝေဒနာ နှစ်ပါးတို့ အကြိုက်ကို လိုက်ရင်းပဲ သတ္တဝါများသည် ဒုက္ခအမျိုးမျိုးရောက်နေကြ၏။
- သတ္တဝါများ၏ ရန်သူသည် အပြင်ကမဟုတ်၊
- ကိုယ်အတွင်းက ဝေဒနာ နှင့် သညာ နှစ်ပါးပင်ဖြစ်၏။

✧ ✧ ✧ ✧ ✧

ကာယဝစီ မနောပြီတည့် သုံးလီကမ္မ
သင်္ခါရမှု ဓမ္မထင်ရှား ငါးဆယ်ပြား၏။
သုစရိတ ဒုစ္စရိတ ဒါန သီလ ဘာဝနာ
စသည်ဖြာသား ဝေါဟာသွယ်သွယ် မဆုံးဖွယ်သည်
အကျယ် သင်္ခါရက္ခန္ဓာ တည်း။
အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဏ်ဆို၏။
ထိုဝိညာဏ်ကား မြင်ကြားနံ့လျက် ထိ-သိချက်ဟု ခြောက်ခုအကျဉ်း၊
အကျယ်ခင်းက ကာမရူပ အရူပနှင့် လောကုတ္တရာ စိတ်လေးဖြာတည်း။

✧ ✧ ✧ ✧ ✧

**ဈာန်မရ ကာမဘုံသား ပုထုဇဉ်ပုဂ္ဂိုလ်**တို့သည် ...

- N အကုသိုလ်စိတ် (၁၂) ပါး
- N ဟသိတုပ္ပါဒ် ကြဉ် အဟိတ်စိတ် (၁၈) ပါး
- N မဟာကုသိုလ်စိတ် (၈) ပါး
- N မဟာဝိပါက်စိတ် (၈) ပါး → ပေါင်း ကာမစိတ် (၄၅) ပါး (ဝိညာဏက္ခန္ဓာ) တို့သာ ဖြစ်နိုင်ကြ၏။

✧ ✧ ✧ ✧ ✧

ဤကိုယ်ကာယ တစ်လံမျှ၌ နှစ်ဝနာမ်ရုပ် ဖြစ်၍ချုပ်၏

နာမ်ရုပ်နှစ်ပါး အလွတ်ထား၍ ဤကားလိပ်ပြာ ဤကားငါနှင့်

ဤမှာဇီဝ ဤအတ္တဟု ညွှန်ပြဖွယ်ရာ မရှိပါသည်

ခန္ဓာနာမ်ရုပ်မျှပါတကား။ ။

✧ ✧ ✧ ✧ ✧

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၁) ရက်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org